# Arakan State Constitution

## ရခိုင်ပြည်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း

# The First Proposed Draft of
# Arakan State Constitution

ရခိုင်ပြည်

၏

အနာဂါတ်ဖွဲ့စည်းပုံအခြေခံဥပဒေ (အဆိုပြုပဏ္ဍမမူကြမ်း)

# ဥယောဇဉ်

လွန်ခဲ့သည့်လေး (၄) နှစ်တာကာလအတွင်း ရခိုင်အမျိုးသားများသည် ရခိုင်ပြည်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ မူကြမ်းသုံး (၃) ခုကို ရေးဆွဲခဲ့ကြသည်။ ၎င်းတို့မှာ ရခိုင်ပြည်ဒီမိုကရေစီအဖွဲ့ချုပ်(ပြည်ပ) နှင့် အမေရိကရှိ ရခိုင်ကျောင်းသားများ ရေးဆွဲသောမူကြမ်းများဖြစ်ကြပါသည်။

ရခိုင်ပြည်ဒီမိုကရေစီအဖွဲ့ချုပ်(ပြည်ပ)မှ ရေးဆွဲသောမူကြမ်းများသည် လွတ်လပ်ရေးကို အခြေခံပေသည်။ အမေရိကရှိ ရခိုင်ကျောင်းသားများရေးဆွဲသော မူကြမ်းသည် ဖက်ဒရယ်မှုကို အခြေခံပေသည်။

ထိုမူကြမ်းများရေးဆွဲပုံရေးဆွဲနည်းမှာ တူညီနေကြောင်းတွေ့ရပေသည်။ ထိုနည်းများမှာ "အပေါ်မှ ချမှတ်" ရေးဆွဲသည့်နည်းပင်ဖြစ်ပေသည်။ တနည်းဆိုရသော် ကျွမ်းကျင်သူများနှင့် လေ့လာလိုက်စားသူများက ဦးဆောင် ရေးဆွဲကြခြင်း ဖြစ်သည်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရာ၌ နည်းလမ်းပေါင်းမြောက်များစွာ ရှိပေသည်။ ၎င်းတို့အနက်မှ နည်းသုံး (၃) နည်းကို အထူးအသုံးပြုလေ့ရှိကြောင်း တွေ့ရှိရပေသည်။ ၎င်းတို့မှာ-

(က) အထက်မှ ချမှတ်ရေးဆွဲသောနည်း
(ခ) အထက်အောက် ဆက်စပ်၍ အလယ်အလတ်လမ်းစဉ်ဖြင့် ရေးဆွဲသောနည်းနှင့်
(ဂ) အောက်ခြေမှ တင်သွင်း ရေးဆွဲသောနည်းတို့ ဖြစ်ကြပါသည်။

ထိုနည်းသုံး (၃) နည်းစလုံးကို တပြိုင်နက်တည်း အသုံးပြုနိုင်သကဲ့သို့ တဆင့်ပြီးတဆင့် အသုံးပြုပါကလည်း သင့်လျော်ပေသည်။

ရခိုင်ပြည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမူကြမ်းရေးဆွဲရေး ကော်မတီသည် အထက်အောက် ဆက်စပ်သော အလယ်အလတ် လမ်းစဉ်ကို အသုံးပြုရေးဆွဲခဲ့ကြပေသည်။ သို့လင့်ကစား ဤမူကြမ်းအား ပြည်လုံးကျွတ်လက်ခံလာရန်မှာ ပြည်သူများက အဆုံးအဖြတ်ပေးရမည့်ကိစ္စဖြစ်ပေသည်။ မိမိကြမ္မာ မိမိဖန်တီးနိုင်သည့် လွတ်လပ်သော လူမျိုးတစ်မျိုး၏ အမျိုးသားလက္ခဏာနှင့်အညီ ရခိုင်ပြည်သူပြည်သားများသည် ထိုကဲ့သို့အဆုံးအဖြတ်ပေးရမည့်ကာလကို မလွဲမသွေရောက်ရှိလာပေလိမ့်မည်။

ထိုမှတဖန် ကံ၊ ဉာဏ်၊ ဝီရိယ၊ ဇွဲလုံ့လများဖြင့် စည်းလုံးညီညွတ်စွာ ကြိုးစားအားထုတ်ကြမည်ဆိုပါလျှင် ရခိုင်ပြည်သူပြည်သားများသည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကိုအခြေခံ၍ မိမိတို့ ရွေးချယ်တင်မြှောက်သော အစိုးရလက်အောက်တွင် မိမိတို့လိုလားချက်များကို ရယူခံစားနိုင်ကြပြီးလျှင် ကိုယ်ကျင့် သိက္ခာသမ္မာဒိ ပြည့်ဝစွာဖြင့် ဤသတ္တကမ္ဘာလောက၌ ဥမကွဲသိုက်မပျက်၊ ဓမ္မတရားတော်များနှင့်အညီ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် နေထိုင်ကြရပေလိမ့်မည်။

**ရခိုင်ပြည်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမူကြမ်းရေးဆွဲရေးကော်မတီ**
**(ရခိုင်ပြည်အမျိုးသားကောင်စီ)**

# နိဒါန်း

ယခုထုတ်ဝေဖြန့်ချိလိုက်သော ရခိုင်ပြည်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမူကြမ်းသည် အတည်မပြုရ သေးသော မူကြမ်းမျှသာဖြစ်ပါသည်။ ဤမူကြမ်းကို အတည်ပြုနိုင်ရန် ညီလာခံများကျင်းပပြီးမှ ဆုံးဖြတ်အတည်ပြု ပေးရပါမည်။

ထိုသို့အတည်မပြုနိုင်သည့် ကာလအတောအတွင်း ရခိုင်အမျိုးသားများအနေဖြင့် ဝေဖန်အကြံပြုနိုင်ရန် ဤမူကြမ်းကို ဦးစွာ ဖြန့်ချိလိုက်ပါသည်။

ရခိုင်ပြည်အခြေခံဥပဒေမူကြမ်းရေးဆွဲပြုစုနိုင်ရန် "ရခိုင်ပြည်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ မူကြမ်းရေးဆွဲရေး ကော်မတီ"ကို သက္ကရာဇ် ၂၀၀၄-ခုနှစ် ရခိုင်ပြည် အကြိုညီလာခံတွင် ဖွဲ့စည်းခဲ့ပါသည်။ ထိုကော်မတီမှ ဦးဆောင်၍ လူထုဆန္ဒစစ်တမ်းကို မလေးရှားနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ရခိုင်ပြည်ရှိ ခရိုင်၊ မြို့နယ်အသီးသီးမှ ကောက်ခံခဲ့ပါသည်။ ထိုစစ်တမ်းတွင် အုပ်ချုပ်ရေး၌ မရှိမဖြစ်လိုအပ်သော အခြေခံမူများပါဝင်သည်။ ၎င်းစစ်တမ်းအား ထောက်ခံသူ၊ ကန့်ကွက်သူ စာရင်းကိုပါ ဤစာစောင်၌ဖော်ပြထားပါသည်။

၎င်းအပြင် ရခိုင်ပြည်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရာတွင် (ဖက်ဒရယ်မူနှင့်လွတ်လပ်ရေးမူ) မည်သည့်မူကို ပြည်သူအများစု နှစ်သက်ကြသည်ကိုစစ်တမ်းကောက်ခံခဲ့ရာ၊ (၈၅)ရာခိုင်နှုန်းသော ရခိုင်ပြည်သူပြည်သား များသည် လွတ်လပ်ရေးမူကို ထောက်ခံခဲ့ကြပေသည်။

ဤသို့လွတ်လပ်ရေးမူကို ထောက်ခံဆန္ဒပြုခဲ့ကြသော်လည်း ဖက်ဒရယ်မူကို ဆန့်ကျင် မဲပေးခဲ့ကြသည်ဟု မယူဆနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ဖက်ဒရယ်မူလုပ်ထုံးလုပ်နည်းများနှင့်ပြည်နယ်နှင့်ပြည်မအကြား အာဏာခွဲဝေပုံစနစ်အဆင့်ဆင့် စသည့်လုံလောက်သော ဗဟုသုတများမရရှိခဲ့ကြောင်း ထင်ရှားနေပေသည်။

မည်သို့ပင်ဆိုစေကာမူ လူထု၏ဆန္ဒသည် တိုင်းပြည်တစ်ခု၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေရေးဆွဲရာ၌ အလွန်တရာ မှအရေးကြီး ထည့်သွင်းစဉ်းစားရသော အချက်ဖြစ်ပေသည်။ ထို့ကြောင့်ရခိုင်ပြည်သူ ပြည်သားများ၏ ဆန္ဒအမှန်ကိုသိစေရန် လူထုစစ်တမ်းများ ထပ်မံကောက်ခံရပေအုံးမည်။ ထိုအခါမှသာ ပြည့်စုံသော လူထုဆန္ဒကို ကျွန်ုပ်တို့ သိရှိနိုင်ပေမည်။

ဤမူကြမ်း၌ အထူးဝိသေသပြုတင်ပြထားသည်မှာ နိုင်ငံရေးအခြေခံမူများ၊ အမျိုးသားအခြေခံအခွင့်အရေးများနှင့် အစိုးရ ဖွဲ့စည်းပုံအခြေခံမူများ ဖြစ်ကြပါသည်။

နိုင်ငံရေးအခြေခံမူများသည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမူကြမ်းရေးဆွဲရာ၌ အထူးလမ်းညွှန်ချက် များပင်ဖြစ်သည်။ အမျိုးသားအခြေခံအခွင့်အရေးများသည် ပြည်သူ၊ ပြည်သားများ၏ မွေးရာပါရပိုင်ခွင့်များပင် ဖြစ်ပါသည်။ ထိုအခြေခံ ရပိုင်ခွင့်များကို အုပ်ချုပ်သူအစိုးရမှ ထိမ်းသိမ်း အကာအကွယ်ပေးရပါမည်။

ရွေးကောက်တင်မြှောက်ခြင်းနှင့်အာဏာအပ်နှင်းခြင်းတည်းဟူသောဒီမိုကရေစီကျင့်ထုံးများကိုလည်း တင်ပြထားပေသည်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေမူကြမ်းသည် မည်သည့် အခါမှရေးဆွဲ၊ ပြင်ဆင် ဖြည့်စွက်၍ ပြီးဆုံးလိမ့်မည်မဟုတ်ပေ။ နိုင်ငံတော်သက်တမ်း၊ လူ့အဖွဲ့အစည်းသက်တမ်းနှင့်အမျှ ရေးဆွဲပြင်ဆင်ဖြည့်စွက် နေကြရပေအုံးမည်။ ထိုအခါမှသာ လူထုလူတန်းစား အသီးသီးတို့၏ဘဝ သက်သာချောင်လည်စေရုံသာမက အသက်အိုးအိမ်၊ မြေယာ ပစ္စည်းများ အာမခံချက်ရရှိကြပြီး ပျော်ရွှင်ချမ်းမြေ့၍ သိက္ခာရှိသော လူ့ဘဝကို ရရှိကြပေလိမ့်မည်။

ရခိုင်ပြည်အမျိုးသားကောင်စီ
သက္ကရာဇ် ၂၀၀၄-ခုနှစ်
ရခိုင်ပြည်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမူကြမ်း (အမှတ်စဉ် - ၁)

<u>နိုင်ငံရေးအခြေခံ မူ (၁၃) ချက်</u>

အောက်ပါနိုင်ငံရေးအခြေခံမူ (၁၃) ချက်သည် ရခိုင်ပြည်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရာတွင်အဓိကထည့်သွင်းစဉ်းစားရမည့်အချက်များဖြစ်ပါကြောင်း ရခိုင်ပြည်အမျိုးသား ကောင်စီမှ အကြံပြုအပ်ပါသည်။

၁) အမျိုးသား အကျိုးစီးပွါး၌ အခြေခံသင့်ကြောင်း။
၂) စစ်မှန်သော ဖယ်ဒရယ်မူကို အခြေခံသင့်ကြောင်း။
၃) လူထု၊ လူတန်းစား အသီးသီး၏ ဘဝသက်သာ ချောင်ချိရေးကို အခြေခံသင့်ကြောင်း။
၄) လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို အခြေခံသင့်ကြောင်း။
၅) လူမျိုး၊ ဘာသာ၊ ကျား၊ မ စသည်ဖြင့် ခွဲခြားဆက်ဆံခြင်းမပြုဘဲ တန်းတူညီတူအခွင့်အရေး ခံစားပိုင်ခွင့်နှင့် တသီးပုဂ္ဂလအခွင့်အရေးများကို အာမခံသင့်ကြောင်း။
၆) ဒီမိုကရေစီကျင့်ထုံးကျင့်ဝတ်များကို အခြေခံသင့်ကြောင်း။
၇) လူ့သဘော သဘာဝနှင့် ထုံးတမ်းစဉ်လာယဉ်ကျေးမှုများကို အခြေခံသင့်ကြောင်း။
၈) တရားမျှတ၍ငြိမ်းချမ်းသာယာဝပြောသောနိုင်ငံရေးစီးပွါးရေး၊ လူမှုရေး ဘဝပြည့်စုံကိုလုံမှု ၌ အခြေခံသင့်ကြောင်း။
၉) စာပေ၊ ယဉ်ကျေးမှုမြှင့်တင်၍ခေတ်မှီတိုးတက်သော လူမှုစီးပွါးဘဝကို အခြေခံသင့် ကြောင်း။
၁၀) သုံးပွင့်ဆိုင် အစိုးရ (စီမံခန့်ခွဲရေး၊ ဥပဒေပြုရေးနှင့် တရားရေး)အုပ်ချုပ်ရေးစနစ်ကို အခြေခံသင့်ကြောင်း။
၁၁) ပြည်နယ်အုပ်ချုပ်ရေးမှူးများနှင့်ဥပဒေပြုလွှတ်တော်အမတ်များရွေးချယ်ခံပိုင်ခွင့်ကို စံသတ်မှတ် သင့်ကြောင်း။
၁၂) ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ် ခရိုင်အစိုးရများကို လွတ်လပ်စွာ ဖွဲ့စည်း သင့်ကြောင်း။
၁၃) ဗဟိုအစိုးရမှထိမ်းချုပ်စီမံခန့်ခွဲခြင်းနှင့်ဒေသတွင်းအစိုးရအဖွဲ့အစည်းများကို ဝင်ရောက်စွက်ဖက်ခြင်း မှ ကင်းလွတ်သင့်ကြောင်း။

ရခိုင်ပြည်အမျိုးသားကောင်စီ
သတ္တရာဇ် ၂၀၀၄–ခုနှစ်
ရခိုင်ပြည်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမူကြမ်း (အမှတ်စဉ် – ၁)

ပဏာမ

အမျိုး၊ ဘာသာ၊ သာသနာ တည်တံ့ခိုင်မြဲ၍ စည်းလုံးညီညွတ်သော ရခိုင်ပြည်အဓွန့်ရှည်စေခြင်းငှါ၊ လူထုလူတန်းစား အသီးသီး ငြိမ်းချမ်းသာယာ ပျော်ရွှင်ချမ်းမြေ့စွာဖြင့်၊ လွတ်လပ်၍တရားမျှတသော လူ့ဘောင်လောကန္တ လူကိုလူချင်း စာနာထောက်ထား၍ အပြန်အလှန် အသိအမှတ်ပြု လေးစားချစ်ခင် ရင်းနှီးစွာဖြင့် ကသိုလ်ထုံး၊ ကုသိုလ်မြတ်နှင့်အညီ တရားဘာဝနာပွဲများ၍ မိရိုးဖလာ ယဉ်ကျေးမှုအမွေအနှစ်များကိုကာကွယ်ထိမ်းသိမ်းစောင့်ရှောက်၍သိက္ခာရှိသောလူ့အဆင့်အတန်း ဝိသေသလက္ခဏာများနှင့်အညီ ရှင်သန်ရပ်တည်နေထိုင်စေခြင်းငှါ ဤရခိုင်ပြည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမူကြမ်းကို ပြဋ္ဌာန်းလိုက်ပါသည်။

## အပိုင်း (၁)

## အခြေခံအခွင့်အရေးများ

ပုဒ်မ(၁)။ ။ ရခိုင်ပြည်အစိုးရကို ချဲ့ထွင်ခြင်း နှင့် ဖျက်သိမ်းခြင်းအာဏာသည် ပြည်သူ၌ တည်စေရမည်၊

ပုဒ်မ(၂)။ ။ လွတ်လပ်စွာ တွေးခေါ်ခွင့်၊ ကိုးကွယ်ယုံကြည်ခွင့်၊ စုဝေးခွင့်၊ ဖေါ်ပြခွင့်နှင့် ဖြန့်ချီခွင့်တည်းဟူသော လောကပါလ လူ့သဘာဝတရားများနှင့် ရပိုင်ခွင့်များကို ဥပဒေပြုပိတ်ပင်ခြင်း မပြုစေ

ပုဒ်မ(၃)။ ။ လိင်ကွဲပြားခြားနားခြင်း၊ လူမျိုးဘာသာမတူညီခြင်းတို့ကို ဝိသေသပြု ခွဲခြားဆက်ဆံခြင်းနှင့် ထူးကဲသော အခွင့်အရေးများပေးခြင်း မပြုစေရ။

ပုဒ်မ(၄)။ ။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ အသက်အိုးအိမ်လယ်ယာမြေ လုံခြုံခွင့်၊ ရခိုင်ပြည်အချုပ်အချာ အာဏာ တည်တံ့စေခြင်းငှါ လက်နက်ကိုင်ဆောင်ကာကွယ်ခြင်းတို့ကို ဥပဒေပြဋ္ဌာန်း၍ ပိတ်ပင်တားဆီးခြင်း မပြုစေရ။

ပုဒ်မ(၅)။ ။ ရာဇဝတ်မှု(များ)၊ တရား(မ)မှု(များ)နှင့် စွပ်စွဲသံသယမှု(များ)ကို တရားခွင်တင်၍ တရားဥပဒေ လုပ်ထုံးလုပ်နည်း (များ)နှင့် အညီ ဆောင်ရွက်စေရမည်။

ပုဒ်မ(၆)။ ။ ခိုင်လုံသောအထောက်အထားများ၊သေချာသောသံသယပွါးဖွယ်ရာများနှင့် ပတ်ဝန်းကျင်ကို အန္တရာယ်ပြုနိုင်သော လက္ခဏာတစုံတရာမရှိပါဘဲလျက်၊ တရားရုံးတော်၏ ဝရမ်းထုတ်ပြန်ချက်မရှိပါဘဲလျက်၊ မည်သူ့ကိုမှ အရေးယူစစ်ဆေးခြင်း၊ ဖမ်းဆီးချုပ်နှောင်ခြင်း၊ ပစ္စည်းပစ္စယများကို သိမ်းဆည်းခြင်းနှင့် အိမ်ယာမြေ၊ အဆောက်အဦများကို အဓမ္မဝင်ရောက်စီးနင်းခြင်းမပြုရ။

ပုဒ်မ(၇)။ ။ တရားရုံးတော်မှ ပြစ်မှုများကို စီရင်ချက်ချမှတ်ရာတွင်လည်းကောင်း၊ အပြစ်ဒဏ်ပေးရာတွင်လည်းကောင်း သင့်တော်လျော်ကန်သော တရားစီရင်ထုံးများကို ဘောင်ကျော်လွန်၍ အလွဲသုံးစားလုပ်ဆောင် ခြင်း မပြုစေရ။ ရုံးတော်သို့ဆင့်ခေါ်ခြင်း၊ တရားခွင်၌ရင်ဆိုင်ခြင်း၊ အယူခံတင်သွင်းခြင်း တို့ကို ပေါ်သည်ထက်ပို၍ အချိန်ဆွဲထားခြင်းမပြုရ။ မှုခင်းတခုကို တစ်ကြိမ်ထက်ပို၍ တရားခွင်၌တရားစွဲဆိုခြင်း၊ ရင်ဆိုင်ခြင်းနှင့် စီရင်ဆုံးဖြတ်ချက်များချမှတ်ခြင်းမပြုစေရ။

ပုဒ်မ(၈)။ ။ လွတ်လပ်စွာ ပညာသင်ကြားခွင့်၊ ဝါသနာအထုံ၌ အသက်မွေးဝမ်းကျောင်းပိုင်ခွင့်၊ ပျော်ရွှင်ချမ်းမြေ့သောဘဝ အိုးအိမ်ထူထောင်ခွင့်၊ လွတ်လပ်စွာ ရွှေ့ပြောင်းသွားလာနေထိုင်ခွင့်၊ ကူးသန်းရောင်း ဝယ်ခွင့်၊ တီထွင်ကြံဆခွင့်နှင့် ထိုရလဒ်များကို မူပိုင်ခွင့်အပြည့်အဝ ရှိကြောင်း အာမခံရမည်။

ပုဒ်မ(၉)။ ။ စစ်ကာလမဟုတ်လင့်ကစား အိုးအိမ်၊ မြေယာ၊ အဆောက်အဦများ၌ ပိုင်ရှင်ခွင့်ပြုချက်မရှိလျှင်၊ လက်နက်ကိုင် အဖွဲ့အစည်းများချထားခြင်းမပြုရ။

ပုဒ်မ(၁၀)။ ။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမူကြမ်းကို လွှတ်တော်မှ ပြဋ္ဌာန်းခြင်း၊ ဖြည့်စွက်ခြင်းမပြုသော်ငြားလည်း မိမိသဘောဆန္ဒဖြင့် ဘောင်ကျော်လွန်၍ ချိုးဖောက်၊ ဖေါက်ဖျက်သည်ဟု ထင်ရှားပါက မည်သည့် အစိုးရနှင့် ပုဂ္ဂိုလ်(များ)မှမဆို ဥပဒေလမ်းကြောင်းအရ တရားစွဲဆိုခွင့်၊ ရင်ဆိုင်ခွင့် ရှိစေရမည်။

ပုဒ်မ(၁၁)။ ။ တရားလို၊ တရားခံ၊ အမှုသည်မှန်သမျှသည် ရှေ့နေ ရှေ့ရပ်ရရှိပိုင်ခွင့်နှင့် တရားခွင်အတွင်း ဂျူရီလူကြီးများဖြင့် တရားရင်ဆိုင်ခွင့်၊ စီရင်ချက်ခံယူပိုင်ခွင့်ရှိစေရမည်။

ပုဒ်မ(၁၂)။ ။ပြည်သူလူထုသည်အုပ်ချုပ်သူအစိုးရ၏လုပ်ရပ်မှန်သမျှနှင့်ဥပဒေပြုခြင်း၊ အမိန့်ထုတ်ပြန် ကြေငြာခြင်းများကို သိရှိခွင့်၊ စုံစမ်းခွင့်၊ စုဆောင်းခွင့် နှင့် မှတ်တမ်းတင်ခွင့်များရရှိစေရမည်။

## အခန်း (၂)

## <u>ပြည်ထောင်ဖွဲ့စည်းပုံ</u>

ပုဒ်မ(၁)။ ။ ရခိုင်ပြည်သည်ရှေးယခင် နှစ်ပေါင်းထောင်ချီသော ကာလမှ စတင်၍ မိုးဦးသဲ့လာမပြတ်မီတင်းနေထိုင်ကြကုန်သော ရခိုင်၊ ချင်း၊ မြို၊ မြို့၊ ခမီ၊ ကမန်၊ သက်၊ ဒိုင်းနက်၊ မရမာကြီးနှင့်အခြားသော လူမျိုးငယ်များ စုပေါင်းနေထိုင်လာကြ၍ ယင်းတို့၏ နိုင်ငံရေး၊ အုပ်ချုပ်ရေးများဖြင့် ရုပ်လုံးကိုယ်ထည်အဖြစ် ဖန်တီးထားသည့် အချုပ်အခြာအာဏာပိုင် အမျိုးသားပြည်ထောင်တခုပင် ဖြစ်ပေသည်။ ယင်းကို ရခိုင်ပြည် **(Arakan)** ဟု ခေါ်တွင်စေရမည်။

ပုဒ်မ(၂)။ ။ အာဏာခွဲဝေမှု၊ လုပ်ငန်းပိုင်ဆိုင်ရာ တာဝန်ယူနိုင်မှု၊ အုပ်ချုပ်ရေး စည်းစနစ်ကျမှုများကို ပုံမှန်လည်ပတ်စေရန်နှင့် တဖက်နှင့်တဖက်အပြန်အလှန် ထိန်းချုပ်သတိပေးနိုင်စေရန် သော်လည်းကောင်း ရခိုင်ပြည်အစိုးရကို အုပ်ချုပ်ရေးကဏ္ဍ (သုံး) ခုထားရှိစေရမည်။ ထိုအစိုးရကို ရခိုင်ပြည်အစိုးရ **(Arakan National Government-ANG)** ဟု ခေါ်တွင်စေရမည်။ ထိုရခိုင်ပြည်အစိုးရကို အောက်ပါအတိုင်း ဖွဲ့စည်းစေရမည်။

က) ရခိုင်ပြည်အုပ်ချုပ်ရေးမှူးနှင့် အတွင်းရေးမှူးရုံးများ၊
ခ) ဥပဒေပြုလွှတ်တော် (လူမျိုးများအထက်လွှတ်တော်နှင့် မဲဆန္ဒနယ်ကိုယ်စားပြု အောက်လွှတ်တော်)၊
ဂ) တရားရေးဌာန (ဗဟိုတရားရုံးတော်၊ ခရိုင်တရားရုံးတော်၊ မြို့နယ်တရားရုံးတော်နှင့် ကျေးရွာ၊ ရပ်ကွက်တရားရုံးတော်များ)

ပုဒ်မ(၃)။ ။ ရခိုင်ပြည်၏အချုပ်အခြာအာဏာသည် လွှတ်တော်၌ တည်စေရမည်။
ပုဒ်မ(၄)။ ။ မဲဆန္ဒနယ်မြေသစ်များ သတ်မှတ်ခြင်း၊ ဖျက်သိမ်းခြင်းအာဏာသည် လွှတ်တော်၌တည်စေရမည်။

ပုဒ်မ(၅)။ ။ အသက်တစ်ဆယ့်ရှစ် (၁၈) နှစ်နှင့်နှစ်ဆယ့်ငါး (၂၅) နှစ်အထက် မကျော်လွန်မီကာလအတွင်း ရခိုင်ပြည်သားတိုင်း အမျိုးသားကာကွယ်ရေး တပ်မတော်၌ သုံးနှစ်တာ စစ်ရေးတာဝန်ထမ်းဆောင် စေရမည်။

ပုဒ်မ(၆)။ ။ အခြေခံမူလတန်းပညာသင်ကြားနေစဉ်ကာလအတောအတွင်း ရခိုင်ပြည် ကာကွယ်ရေးတပ်မတော်၌ စစ်မှုထမ်းဆောင်ခြင်းမပြုနိုင်လျှင် ထိုလူငယ်များအား နှစ်နှစ်လျှင် သုံးလတာမျှ စစ်ပညာကိုသင် ကြားစေရမည်။ နိုင်ငံတကာတွင် ပညာသင်ကြားနေသော လူငယ်များသည်လည်း နှစ်နှစ်လျှင် သုံးလမျှ စစ်ပညာကို လာရောက် လေ့လာသင်ကြား စေရမည်။ ထိုသို့ အမျိုးသားရေးတာဝန်ကို ကျေပွန်သော ရခိုင်ပြည်သားများသာလျှင် ပြည့်ဝသော ရခိုင်ပြည်သူ့အခွင့်အရေးများကို ခံစားပိုင်ခွင့် ရှိစေရမည်။

ပုဒ်မ (၇)။ ။ရခိုင်ပြည်သည် စစ်ထဲဝင်ရောက်ရပါက အသက်ဆုံးဆယ့်ငါးနှစ်အောက် ရှိသူတိုင်း ကာကွယ်ရေး တာဝန်များကို ထမ်းဆောင်စေရမည်။

## အခန်း (၃)

## ရခိုင်ပြည်သားဖြစ်ပိုင်ခွင့်

ပုဒ်မ(၁)။ ။ မိဘနှစ်ပါးမှဖြစ်စေ၊ တစ်ပါးပါးမှ ဖြစ်စေ ရခိုင်သွေး(တစ်ဆယ်)ရာခိုင်နှုန်းပါရှိပါက အကြောင်းမှုကိုလိုက်သည် မိမိကိုယ်ပိုင်ဆန္ဒဖြင့် ရခိုင်ပြည်သား ဖြစ်လိုပါက၊ ရခိုင်ပြည်အစိုးရမှ အသိအမှတ်ပြုပေးရမည်။

ပုဒ်မ(၂)။ ။ ရခိုင်ပြည်အတွင်း သမိုင်းကြောင်းတစ်လျှောက် ဘိုးစဉ်ဘောင်ဆက်မှီတင်းနေထိုင်လာကြ၍ ရခိုင်ပြည်၏ဆိုးကျိုး ချမ်းသာ ပြည်ရေးရာ အဝဝကို ခါးစည်းရင်ဆိုင်ခုခံ တည်ဆောက် ကာကွယ်ထိမ်းသိမ်းသူ ရခိုင်ပြည်ဖွား၊ပြည်သူပြည်သားအားလုံးသည် ဘူမိပုတ္တရ၊ ရက္ခပြည်သားများအဖြစ် အလိုအလျောက် အသိအမှတ်ပြုပြီး ဖြစ်စေရမည်။ ပြည်ထောင်အရပ်ရပ် မှ ရခိုင်ပြည်သို့ ပြောင်းရွှေ့ အခြေချ နေထိုင်လာကြသော ပြည်ထောင်စုသားအားလုံးသည် (နှစ်ဆယ့်လေး)လပြည့်ပါက၊ လူခွန်၊ မြေခွန်၊ လုပ်ငန်းခွန်များ ပေးဆောင်ပါက ရခိုင်ပြည်သားအဖြစ် လျှောက်ထားစေရမည်။ ရခိုင်ပြည်သား မှတ်ပုံတင်ကဒ်ပြားကို ကိုင်ဆောင်စေရမည်။

ပုဒ်မ(၃)။ ။ ရခိုင်ပြည်၌ မွေးဖွားသူဟူသမျှသည် စတင်မွေးဖွားသည့်နေ့မှစ၍ မွေးစာရင်းပြုစုကာ ရခိုင်ပြည်သားအဖြစ် အလိုအလျောက် အသိအမှတ်ပြုပြီး ဖြစ်စေရမည်။ ရခိုင်ပြည်မှ ပြောင်းရွှေ့၍ အခြားပြည်ထောင်များ၌ အခြေချနေထိုင်ပါလျက် ရခိုင်ပြည်သားအဖြစ် ဆက်လက်ထားရှိလိုပါက ကာယကံရှင်၏ ဆန္ဒအတိုင်းဖြစ်စေရမည်။

ပုဒ်မ(၄)။ ။ တစ်ထောင်ခုနှစ်ရာရှစ်ဆယ်လေး (၁၇၈၄)ခုနှစ် ရခိုင်ပြည်မှ ဗမာများကျူးကျော် တိုက်ခိုက်မှုစစ်ဘေးကြောင့် ဘင်္ဂလားနှင့် အိန္ဒိယနယ်များသို့ ထွက်ပြေးတိမ်းရှောင်နေခဲ့ကြသော ရခိုင်ပြည်သူပြည်သား အပေါင်း တို့သည် မိမိဆန္ဒအရ ရခိုင်ပြည်သားအဖြစ်ခံယူလိုပါက၊ ရခိုင်ပြည်အစိုးရမှ အသိအမှတ်ပြု လက်ခံစေရမည်။

## အခန်း (၄)

<u>ဆန္ဒမဲပေးပိုင်ခွင့်နှင့် မဲဆန္ဒနယ်သတ်မှတ်ခွင့်</u>

ပုဒ်မ(၁)။ ။ အသက်(တစ်ဆယ့်ရှစ်)နှစ် ပြည့်သောရခိုင်ပြည်သူပြည်သားတိုင်း ဆန္ဒမဲပေးစေရမည်။

ပုဒ်မ(၂)။ ။ ရေခြား၊ မြေခြားသို့ရောက်ရှိနေသည့် ရခိုင်ပြည်သူပြည်သားတိုင်း အဝေးရောက်ဆန္ဒမဲ ပေးစေရမည်။

ပုဒ်မ(၃)။ ။ လူဦးရေ (သုံးသောင်း)ပြည့်သည့် နိုင်ငံရေးဒေသအားလုံးကို မဲဆန္ဒနယ်အဖြစ် သတ်မှတ် စေရမည်။

ပုဒ်မ(၄)။ ။ ရခိုင်ပြည်ရှိ တိုင်းရင်းသားလူမျိုးများ လူဦးရေ အနိမ့်အထား( —— )ပြည့်ပါက အထက်လွှတ်တော် အမတ်နေရာ တစ်နေရာစီ ရွေးကောက်တင်မြှောက်၍ ကိုယ်စားပြုခွင့် အာဏာအပ်နှင်း စေရမည်။ ဤပုဒ်မအား ပြင်ဆင်ခြင်း ဖြည့်စွက်ခြင်းများကို အထက်လွှတ်တော် (Senate)နှင့် အောက်လွှတ်တော် (House) နှစ်ရပ်ပေါင်း၍ ဆုံးဖြတ်ချက်ရယူစေရမည်။

## အခန်း (၅)

## (အုပ်ချုပ်ရေးအာဏာ )

<u>အုပ်ချုပ်ရေးမှူးရွေးချယ်တင်မြှောက်ခြင်းနှင့် အာဏာအပ်နှင်းခြင်း</u>

ပုဒ်မ(၁)။ ။ ရခိုင်ပြည်အုပ်ချုပ်ရေးမှူးနှင့် လက်ထောက်အုပ်ချုပ်ရေးမှူးကို နိုဝင်ဘာလ (၁) ရက်နေ့တွင် ရခိုင်ပြည်သူပြည်သားများ၏ ဆန္ဒမဲ ဖြင့် ရွေးချယ်တင်မြှောက်ရမည်။

ပုဒ်မ(၂)။ ။ (က) ရခိုင်ပြည်အုပ်ချုပ်ရေးမှူးနှင့်လက်ထောက်အုပ်ချုပ်ရေးမှူး၏ အုပ်ချုပ်ခွင့်အာဏာ သက်တမ်းမှာ လေး(၄)နှစ် ဖြစ်စေရမည်။
(ခ)ရွေးကောက်တင်မြှောက်ခြင်းခံရသော အုပ်ချုပ်ရေးမှူးနှင့် လက်ထောက်အုပ်ချုပ်ရေးမှူး၏ ကျမ်းသစ္စာ ကျိန်ဆိုပွဲနှင့် အုပ်ချုပ်ခွင့်အာဏာအပ်နှင်းပွဲကို ဒီဇင်ဘာလသုံးဆယ့်တစ်ရက် (၃၁) နေ့တွင် အပြီးသတ် ပြုလုပ်စေရမည်။

ပုဒ်မ(၃)။ ။(က)အုပ်ချုပ်ရေးမှူးသည်အကြောင်းအမျိုးမျိုးကြောင့်အုပ်ချုပ်ရေးတာဝန်ကို မထမ်းဆောင် နိုင်တော့လျှင် လက်ထောက်အုပ်ချုပ်ရေးမှူးမှ ကျမ်းသစ္စာကျိန်ဆို တာဝန်ယူဆောင် ရွက်ရမည်။
(ခ) အကယ်၍ လက်ထောက်အုပ်ချုပ်ရေးမှူးမှအကြောင်းအမျိုးမျိုးကြောင့် တာဝန်ထမ်းဆောင်ခြင်း မပြုနိုင်လျှင် အောက်လွှတ်တော် ခေါင်းဆောင်တဦးဦးမှ တာဝန်ယူထမ်းဆောင်စေပြီး ခြောက် (၆) လအတွင်း ရွေးကောက်ပွဲ ကျင်းပ၍ အုပ်ချုပ်ရေးမှူးများကို ပြည်သူပြည်သားများမှ ဆန္ဒမဲပေး တင်မြှောက်စေရမည်။

ပုဒ်မ(၄)။ ။ အုပ်ချုပ်ရေးမှူးသည် အမျိုးသားကာကွယ်ရေးတပ်မတော် (ကြည်း၊ ရေ၊ လေ)၏ ကာကွယ်ရေးဦးစီးချုပ်ရာထူးတာဝန်ကို ထမ်းဆောင်စေရမည်။

ပုဒ်မ(၅)။ ။ ရခိုင်ပြည်အုပ်ချုပ်ရေးမှူးဖြစ်ပိုင်ခွင့်(သို့မဟုတ်) ရွေးချယ်ခံပိုင်ခွင့် ဥပဒေသတ်မှတ်ရာ၌ အကြောင်းပြုလိုသည့် အောက်ပါဝိသေသလက္ခဏာများနှင့် ပြည့်စုံစေရမည်။

က) ရခိုင်ပြည်ဖွားတိုင်းရင်းသားဖြစ်စေရမည်။

ခ) ရာဇဝတ်ပြစ်မှုကင်းရှင်း၍ ကိုယ်ကျင့်တရားကောင်းမွန်သူ ဖြစ်စေရမည်။

ဂ) အသက်အရွယ်အားဖြင့် (၃၅)နှစ်နှင့်အထက် ကျော်လွန်သူဖြစ်စေရမည်။

ဃ) ဓေတ်ပညာတတ်ဖြစ်ရမည် (သို့မဟုတ်) ရခိုင်ပြည်နှင့်အမျိုးသား ကောင်းစားရေးများ အတွက် ကြိုးစား အနစ်နာခံခဲ့သူ ဖြစ်စေရမည်။

## အခန်း(၆)

## (ဥပဒေပြုခွင့်အာဏာ)

## လွှတ်တော်

ပုဒ်မ(၁)။ ။ အထက်လွှတ်တော် (Senate)နှင့် အောက်လွှတ်တော်(House)နှစ်ရပ် ပေါင်းစပ်၍ ဥပဒေပြုလွှတ်တော်အား ဖွဲ့စည်းရမည်။ အမည်အားဖြင့် လွှတ်တော်(Congress) ဟု ခေါ်တွင်စေရမည်။

ပုဒ်မ(၂)။ ။ (က) လွှတ်တော်အမတ်(များ)သည် ရွေးချယ်တင်မြှောက်ကိုယ်စားပြုခြင်း တာဝန်ကိုလက်ခံသည့်နေ့မှစတင်၍ အခြားသော ရာထူးတာဝန်(များ)ကို ထမ်းဆောင်ခြင်းမပြုစေရ။

(ခ) လွှတ်တော်အမတ်(များ) တာဝန်ထမ်းဆောင်မှုမပြုနိုင်တော့လျှင် နောင်ရွေးကောက်ပွဲကျင်းပသည်အထိ လစ်လပ်နေရာအဖြစ် ထားရှိစေရမည်။

(ဂ) လက်ထောက်အုပ်ချုပ်ရေးမှူးသည် အထက်လွှတ်တော်၏ ပြောရေးဆိုခွင့် အဆိုအမိန့်အာဏာရှိသည့် ဥက္ကဋ္ဌကျက်သရေဆောင် ပုဂ္ဂိုလ်ဖြစ်စေရမည်။

ပုဒ်မ(၃)။ ။(က) အုပ်ချုပ်ရေးမှူးများနှင့်အတွင်းရေးမှူးဌာနများ၏တာဝန်ခံများကို ခေါ်ယူကြားနာစစ်ဆေးခွင့် အာဏာသည် လွှတ်တော်၌ တည်စေရမည်။

(ခ)လွှတ်တော်၌ ထွက်ဆိုချက်များ၊ သက်သေအထောက်အထားများကို လက်ကိုင်ပြု၍ အရေးယူခြင်း၊ တရားစွဲဆိုခြင်း၊ ခေါ်ယူ စစ်ဆေးမေးမြန်းခြင်းနှင့် ဖမ်းဆီး ချုပ်နှောင်ခြင်းများ မပြုလုပ်စေရ။

(ဂ) လွှတ်တော်၏ လုံခြုံရေးအစောင့်ရဲတပ်ဖွဲ့ကို လွှတ်တော်မှ ကြီးကြပ်ခန့်အပ်ကွပ်ကဲစေရမည်။

ပုဒ်မ(၄)။ ။ ရခိုင်ပြည်အုပ်ချုပ်ရေးမှူးအား ရားထူးမှဖယ်ရှားအရေးယူခွင့် အာဏာသည် လွှတ်တော်၌ တည်စေရမည်။ နောက်ဆက်တွဲ ဥပဒေချိုးဖောက်ခြင်း(များ)၊ ရာဇဝတ်မှုကျူးလွန်ခြင်း(များ)ကို ဗဟိုတရားရုံးတော်နှင့် သက်ဆိုင်ရာ တရားရုံးများ၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ဥပဒေလမ်းကြောင်းအရ ကျခံစေရမည်။

ပုဒ်မ(၅)။ ။ အထက်လွှတ်တော်အမတ် (များ)၏ သက်တမ်းမှာ (၆)နှစ် ဖြစ်စေရမည်။ အဆိုပါအမတ်များကို တိုင်းရင်းသားများမှ ဆန္ဒမဲ ပေးစနစ်ဖြင့် ရွေးချယ်တင်မြှောက်ရမည်။

ပုဒ်မ(၆)။ ။အောက်လွှတ်တော်အမတ်(များ)ကို လူဦးရေအချိုးအစားအလိုက် မဲဆန္ဒနယ်များ သတ်မှတ်၍ ဆန္ဒမဲပေးစနစ်ဖြင့် ရွေးချယ်တင်မြှောက် ရမည်။ အဆိုပါအမတ်များ၏ ကိုယ်စားပြုခွင့် သက်တမ်းမှာ (နှစ်) နှစ် ဖြစ်စေရမည်။

ပုဒ်မ(၇)။ ။ အထက်လွှတ်တော်အမတ်များ၏ ရွေးချယ်ပိုင်ခွင့်၊ ကိုယ်စားပြုပိုင်ခွင့်များကို ဥပဒေပြု သတ်မှတ်ရာတွင် အောက်ပါဝိသေသလက္ခဏာများနှင့် ကိုက်ညီစေရမည်။
(က) ရခိုင်ပြည်ဖွား တိုင်းရင်းသားဖြစ်စေရမည်၊
(ခ) ရာဇဝတ်ပြစ်မှု ကင်းရှင်းသူဖြစ်စေရမည်။
(ဂ) အသက်အရွယ်အားဖြင့် (၂၇)နှစ်နှင့် အထက်ကျော်လွန်သူဖြစ်စေရမည်။
(ဃ)ခေတ်ပညာတတ်ဖြစ်ရမည်။ (သို့) ရခိုင်ပြည်အမျိုးသားကောင်းစားရေးအတွက် ကြိုးစား အနစ်နာခံခဲ့သူဖြစ်စေရမည်။

ပုဒ်မ(၈)။ ။ အောက်လွှတ်တော်အမတ်များ၏ ရွေးချယ်ပိုင်ခွင့်၊ ကိုယ်စားပြုပိုင်ခွင့်များကို ဥပဒေပြု သတ်မှတ်ရာတွင် အောက်ပါဝိသေသလက္ခဏာများနှင့် ကိုက်ညီစေရမည်။
(က) ရခိုင်ပြည်ဖွားတိုင်းရင်းသားဖြစ်စေရမည်။ (သို့) ရခိုင်ပြည်သား (Citizen) ဖြစ်စေရ မည်၊
(ခ) ရာဇဝတ်ပြစ်မှု ကင်းရှင်းသူဖြစ်စေရမည်။
(ဂ) အသက်အရွယ်အားဖြင့် (၂၇) နှစ်နှင့်အထက် ကျော်လွန်သူဖြစ်စေရမည်။
(ဃ) ခေတ်ပညာတတ်ဖြစ်စေရမည်။ (သို့) ရခိုင်ပြည်အမျိုးသားကောင်းစားရေးအတွက် ကြိုးစားအနစ်နာခံခဲ့သူ ဖြစ်စေရမည်။

ပုဒ်မ(၉)။ ။လွှတ်တော်နှစ်ရပ်စလုံးမှ လွှတ်တော်ကိုယ်စားလှယ်အမတ်(များ)၏ ရာဇဝတ်မှုကျူးလွန်ခြင်း ဥပဒေချိုးဖောက်ခြင်းများတစုံတရာတွေ့ရှိပါက လွှတ်တော်၌ လျှို့ဝှက် မဲပေးစနစ်ဖြင့် ရာထူးမှဖယ်ရှားရမည်။ *(နောက်ဆက်တွဲ)*- ဥပဒေချိုးဖောက်ခြင်းများခြင်း၊ ရာဇဝတ်မှု ကျူးလွန်ခြင်း(များ)ကို ဖက်ဒရယ်တရားရုံးတော်နှင့် သက်ဆိုင်ရာ တရားရုံးတော်များ၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ဥပဒေလမ်းကြောင်းအရ အပြစ်ဒါဏ် ကျခံစေရမည်။

ပုဒ်မ(၁၀)။ ။ လွှတ်တော်အတွင်း တင်သွင်းချက်များ၊ ဆွေးနွေးချက်များ၊ ဆုံးဖြတ်ချက်များကို နှစ်ဆယ့်လေး (၂၄) နာရီ အတွင်း ရေးသားထုတ်ပြန်ရမည်။

## အခန်း (၇)

## (တရားစီရင်ရေးအာဏာ)

### <u>တရားရေး</u>

ပုဒ်မ(၁)။ ။ တရားရေးအာဏာကို ဖက်ဒရယ်တရားရုံးချုပ် တရားရေးမဟာမင်းကြီး(များ)၏ လက်ဝယ်၌ လွတ်လပ်စွာ ထားရှိရမည်။ ၄င်းဖက်ဒရယ်တရားရေးရုံးချုပ်အား တရားရေးမဟာမင်းကြီး ( ) ဦး ဖြင့်ဖွဲ့စည်းရမည်။ အကြင် ဖက်ဒရယ်တရားရေးမဟာမင်းကြီး(များ)ကို ရခိုင်ပြည် အုပ်ချုပ်ရေး မှူးမှ ရွေးချယ်၍ အထက်လွှတ်တော်သို့ တင်သွင်းရမည်၊ အဆိုပါ ဖက်ဒရယ်တရားရေး မဟာမင်း ကြီး (များ) ကို အထက်လွှတ်တော်မှ ကြားနာစစ်ဆေးအတည်ပြု၍ ရခိုင်ပြည်အုပ်ချုပ်ရေးမှူး မှ ခန့်အပ်အတည်ပြုပေးရမည်။

ပုဒ်မ(၂)။ ။ (က) ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများနှင့် ကျေးရွာတရားရုံးများကို လွတ်လပ်စွာ ဖွဲ့စည်းစေရမည်။
(ခ) တရားသူကြီး(များ)၊ အစိုးရရှေ့နေများနှင့် ပြည်နယ်ရဲချုပ်များ ခန့်အပ်ခြင်းကို ပြည်နယ်အုပ်ချုပ်ရေးမှူးမှ ရွေးချယ်၍ လွှတ်တော်၌တင်သွင်းပြီး ကြားနာစစ်ဆေး အတည်ပြုပေးရမည်၊

(ဂ) လွှတ်တော်မှ ငြင်းပယ်လိုက ငြင်းပယ်ခွင့်ရှိစေရမည်။
(ဃ) ပြည်နယ်အုပ်ချုပ်ရေးမှူးမှ ထပ်မံအစားထိုးတင်သွင်းလိုက တင်သွင်းခွင့်ရှိစေရမည်။

ပုဒ်မ(၃)။ ။(က) ပြည်နယ်အုပ်ချုပ်ရေးမှူးမှ ခန့်အပ်ခြင်းခံရသောတရားသူကြီးများ၏သက်တမ်းမှာ ရာသက်ပန်ဖြစ်စေရမည်။
(ခ) အကြင်တရားသူကြီးများမှ ဥပဒေချိုးဖောက်ကြောင်း အထောက်အထား တစုံတရာ တွေ့ရှိပါက လွှတ်တော်တရားရေးရာကော်မတီသို့ တင်သွင်းစစ်ဆေးစေရမည်။ ပြစ်မှု ထင်ရှားပါက ရာထူးမှ ဖယ်ရှားစေပြီး နောက်ဆက်တွဲအပြစ်ဒါဏ်များကို ဥပဒေကြောင်းအရ ကျခံစေရမည်။
(ဂ) ထိုလစ်လပ်နေရာများကို အစားထိုးနိုင်ရန် ပြည်နယ်အုပ်ချုပ်ရေးမှူးမှ ရွေးချယ်ပြီး လွှတ်တော်သို့တင်သွင်းစေရမည်။

## အခန်း (၈)

## အစိုးရဌာနခွဲများဖွဲ့စည်းတည်ဆောက်ပုံ

ပုဒ်မ(၁)။ ။ရခိုင်ပြည်အစိုးရ၏စီမံခန့်ခွဲရေးကိုယ်ထည်အားအောက်ပါဌာနများဖြင့် ဖွဲ့စည်းတည်ဆောက်၍ ပြည်နယ်အုပ်ချုပ်ရေးမှူး လက်အောက်၌ ထားရှိစေရမည်။
က) ပြည်ထောင်များ ဆက်ဆံရေး အတွင်းရေးမှူးဌာန (Secretary of State)
ခ) ပညာရေး နှင့် ကျန်းမာရေးအတွင်းရေးမှူးဌာန (Secretary of Education and Health)
ဂ) အထွေထွေ ရှေ့နေချုပ်ဌာန (General Attorney)
ဃ) စီးပွါးရေးနှင့် သဘာဝထိမ်းသိမ်း ကာကွယ်ရေး အတွင်းရေးမှူးဌာန (Secretary of Economic and Environment)
င) လမ်းပန်းဆက်သွယ်ရေးနှင့် အိုးအိမ်မြေယာချထားရေး အတွင်းရေးမှူးဌာန (Secretary of Transportation, Communication and Housing and Management)
စ) စွမ်းအင်နှင့် အဏ္ဏဝါလုပ်ငန်းများဆိုင်ရာ အတွင်းရေးမှူးဌာန (Secretary of Energy and Fishery Industry)
ဆ) လယ်ယာမြေနှင့် ကြိုးဝိုင်းသစ်တောများဆိုင်ရာ အတွင်းရေးမှူးဌာန (Secretary of Forestry and Farming )
ဇ) အကောက်ခွန်နှင့် ဘဏ္ဍာရေးဆိုင်ရာ အတွင်းရေးမှူးဌာန (Secretary of Custom and Banking)
ဈ) အမျိုးသား ကာကွယ်ရေး အတွင်းရေးမှူးဌာန (Secretary of National Guard Unit of Arakan)

# Arakan State Constitution

## (First Draft-2004)

## Arakan State Constitution Drafting Committee

## (Arakan National Council)

## Preface

For the last several years, the Arakanese people have drafted three Arakan State Constitutions. The drafters were the Arakan League for Democracy (ALD-Exile) and Arakanese students in the United States .

The first two drafts by ALD-Exile were for an " Independent State ". The Arakanese students' draft was based on a federated state.

Both the ALD-Exile and students' drafts used the similar top-down approach to the drafting process. In other words, advocates and experts framed and initiated the drafting.

There are many methods of constitution drafting. At least the following three methods have been used in the Arakan State constitution drafting process. They are:

1. the top-down process
2. the bottom-up approach
3. a middle path that bridges between top-down and bottom-up approach

Drafters can use multiple methods at the same time. A step by step approach with a single method is also workable.

This first draft of the Arakan State Constitution by the Arakan State Constitution Drafting Committee uses the middle path approach. The committee bridges between perspectives of experts and the voices of the people at <Le grassroots level.

In order to make a qualitative constitution, the drafting committee has set the value and standard that the people of Arakan shall have the final decision in whether or not the draft meets with their goals, culture, desires, and hopes. Thus, the drafting committee is fully confident that in the near future the time will come when the people of Arakan, with their pride and dignity, will be able to make the final decisions.

From the extension of a constitutional framework, the people of Arakan will be able to choose their government, election after election, to serve for the people within limited power and limited representation to preserve justice, moral value, dignity, and ethics they deserve to live with. By exercising this kind of rule of law and majority consent within society and elected government in a democratic system, life and liberty in terms of pursuit of happiness can be guaranteed. Thus, peace and tranquility among the Arakan people shall be fulfilled.

Finally, we would like to thank the National Reconciliation Program, experts, political parties, and participants who filled out the survey questions. Without their assistance and cooperation, it would have been impossible to proceed with the drafting.

**Arakan State Consitution Drafting Committee**
**(Arakan National Council)**

## Introduction:

This first draft of the Arakan State Constitution is just a draft and is not yet ratified. To ratify the draft, many conferences and conventions will have to be held.

Before the conventions are held, this draft will be released to the Arakanese and other interested persons to review the draft in order to correct and amend it.

The background of this constitution draft dates back to 2004 during the Arakan pre-national convention, when the state drafting committee was formed to draft the Arakan State constitution. Since then, the committee has studied the previous drafts. They have conducted a survey in the Arakanese communities in Arakan State , Malaysia , and Thailand . In the survey, essential question topics such as executive branch, legislation, and judicial systems were included. Thousands of people eagerly responded the survey.

In addition, the survey included an extra form in which people stated whether they preferred a federated or state-based constitution, or an independent state constitution. Ninety-five percent of the respondents preferred that the drafting committee write a constitution for an independent state.

Although the respondents preferred the independent constitution, we could not conclude that they were against a federal constitution and federalism. First, many people were so overly propagandized by the previous regime that federalism meant separatism. On the other hand, some national political parties have used political strategy to promote an independent state because being a federated state under the Burman meant being a sub-nation with no dignity. Another reason is that the respondents had a lack of knowledge of federalism and power division between the state and the central government that provides them with the comforts of life.

It is a considerable fact that the will of the people is the ultimatum for the constitution drafters. Thus, the state constitution drafting committee will conduct more surveys and workshops in federalism, democracy, division of power, and electoral systems to find out their true desire. After this process, the survey results can be used to draw a conclusion.

In this draft, the significant principles are also highlighted in basic political guidelines, a bill of rights, and citizen rights.

The political guidelines are essential tools for the drafting process. The bill of rights embodies the innate rights of all citizens and balances the power between the legislative laws and the political body. These rights also give the government the duty to protect and preserve the people.
The draft specifically indicates the basic principles of democratic norms such as the electoral system, the public offices' nomination process, and nominees' criteria.

The constitution, even after ratification, will not be completed but will be continuous and enduring. As long as society exists, the people and legislatures will amend the constitution time after time to fulfill society's needs. With many amendments and new legislations, the constitution will therefore become authentic and allow every citizen to live in **a** way in which they have the opportunity for comfort, peace, prosperity, and happiness.

**Arakan State Constitution Drafting Committee**
**(Arakan National Council)**

The following guidelines are based on the advice of the Arakan National Council (ANC) and were given to the Arakan State Constitution Drafting Committee to be included in the draft.

The Arakan State Constitution should be:

1. based on national interests,
2. based on perfect federal union,
3. based on democratic principles and representative norms,
4. based on comfort life for every citizen,
5. based on universal human rights and basic freedoms,
6. based on principles that will ensure that people are not discriminated against based on gender, religion and faith, and ethnicity. It should guarantee individual rights and equal opportunities,
7. based on human nature and local people's customary laws and traditions, combined with international laws and universal norms,
8. based on justice, peace, prosperity, and the right to a complete political, social, and economic life,
9. based on enhancement of universal education and modern society,
10. based on tri-governance systems (Executive. Legislative, and Judicial Branches).
11. based on set criteria and standards on nomination for governor, vice-governor, and legislators, as well nominations for public office,
12. based on giving freedom to people to form local governments within their customs and traditions,
13. based on principles that guarantee the federal government and state government do not interfere the local governments and their administrations,
14. based on principles that guarantee indigenous peoples' rights and minority rights within the state.

**Arakan National Council**
**(2004)**

## Preamble

The Constitution of Arakan State is instituted for the preservation of a united and durable Arakan Nation; and for every citizen to be fulfilled in justice, life, liberty, prosperity, respect, dignity, kindness, tradition, and faith.

## Part One

## Bill of Rights

Article 1: : The people shall have the power to alter and abolish the said government.

Article 2: : The Legislative body shall make no law to restrict freedom of faith, freedom of expression, freedom of assembly, freedom of privacy, and freedom of innate rights.

Article 3: : The state (executive and legislative body) shall make no significant law for special treatment based on gender, religion, and ethnicity.

Article 4: : The state shall make no law to ban the National Guard from bearing arms to protect self determination and state sovereignty, and to preserve life, liberty-, and property.

Article 5: : Due process law shall be guaranteed for any accused person in a criminal or civil case.

Article 6; : Accused and accuser (defendant and prosecutor) shall have the right to counsel, the right to a trial by jury, the right to a fair trial, the right to a speedy trial, and the right to a speedy appeal.

Article 7: : The state shall not question, arrest, confiscate property, enter onto property (state and private alike), without provable cause or a warrant; and cannot endanger persons and community.

Article 8: : The state shall not conduct unusual and cruel punishments.

Article 9: : The state shall not deprive life and liberty, and shall not try twice for the same offence.

Article 10: : The state shall not present armed guards on private properties without consent unless the state is engaged in war or has declared a state of emergency.

Article 11: : The state shall guarantee rights to basic education, pursuit of career, innovation and property rights, rights to family, and rights to freedom of movement.

Article 12: : The state and its citizens shall have the right to bring any violator, official or person, who abuses the constitutional power for his/her personal gain to trial according to the law.

Article 13: : The Constitution shall guarantee every citizen and institute the freedom of information unless it places the state and person in danger.

## Part 2

## Formation of the State

Article 1: : Since B.C. 5 000, Rakhaing, Mro, Mroon, Khami, Thak, (Chakama), Dainet, Chin, Kaman, Maramargri, and other races and religious communities have peacefully coexisted as a political body in the said territory as a sovereign nation that shall be called the Arakan State.

Article 2: : In order to function orderly and harmoniously, with a division of power, chain of command, division of labor, and checks and balances, Arakan State 's government shall be formed with three branches: Executive, Legislative, and Judicial. The body shall be called the Arakan National Government (ANG). The national government shall consist of:

a) Departments of Governors and Secretariats.
b) A Bi-cameral Legislative Branch (Nationalities Senate with Ethnic Representatives and House with Constituent Representatives) that shall be called the Congress of Arakan State,
c) A Judicial Branch with a State Supreme Court. District Courts, Circuit Courts. County Courts, and City or Village Courts.

Article 3: : The sovereign power of the state shall be vested in Congress, including the power to declare and cease wars.

Article 4: : The Congress shall be vested with the power to create and abolish constituencies.

Article 5: : Every citizen who is fit with agility and the said requirements for defense, and is between the age of eighteen and twenty five years old, shall serve in the National Guard for three years.

Article 6: : Students who cannot serve in the National Guard because they are in colleges and institutes, or are pursuing an education overseas shall be called on for military training for three months every two years in order to receive state provided benefits.

Article 7: : Every citizen under the age of thirty five years old shall serve in the National Guard when the state is engaged in war.

## Part 3

## Provision of citizenship

Article 1: : The State shall recognize a person as a citizen when 10 per cent of their blood from their parents, either their mothers or fathers side, is of Arakan descent and if the person with their own consent wants to be a citizen of Arakan State .

Article 2: : Those who have carried the state burden and cherished the nation for thousands of millennia shall be automatically recognized as citizens by the state. Those who have moved into the Arakan State from other federated states shall register for state citizenship within twelve months of the period when they have lived and worked in Arakan State . The approval of citizenship shall be decided in accordance with the state's land, personal and property- taxation laws. The state shall issue state identification cards for the citizens of Arakan State .

Article 3: : The State shall automatically recognize as a citizen every one who is born in Arakan State . The State shall accept the will of a citizen who, with his own consent holds dual citizenship when the citizen is not physically present in the state but pays the state' taxes and votes for the state governments.

Article 4: : The state shall grant citizenship for the Arakanese who have been living generation after generation in the territory of the said Bangladesh and India , seeking refuge after Burman occupation of the Arakan Kingdom in ,1784, if the person is willing to be a citizen of Arakan State .

## Part 4

## Provision of Voting Rights and Creation of Constituency

Article 1: : Every citizen at the age of eighteen shall have voting rights.

Article 2: : Every citizen of the Arakan State who is overseas shall vote during the elections.

Article 3: : Congress shall make a law to create a constituency to elect a representative for the House after the population in a territory meets thirty thousand eligible voters.

Article 4: : A Senator shall be elected to the Senate after an ethnic population meets (—) eligible voters in a territory. Amendment of this article shall be approved by both the House and the Senate.

## Part 5

## Administrative power; procedure for the transfer of power

Article 1: : Arakanese people shall elect a governor and a vice-governor with a direct vote every four years on November 1st.

Article 2:

a) The term of office for a governor and a vice-governor shall be set for four years and only for two terms (eight consecutive years).
b) The oath of the governor and vice-governor to take office and form the administration shall take place on December 31 st.

Article 3:

a) The vice governor shall replace the governor wherein the governor cannot function in his work or is removed from office, either by law or by his/her own consent.
b) The speaker of the House shall take over the duty of vice governor wherein the vice governor cannot function in his work or is removed from office, either by law or by his/her own consent, but shall hold direct election within six month from the date the Speaker takes the duty.

Article 4: : The governor shall serve as the commander in chief of .Arakan National Guard (infantry, air force, and Navy).

Article 5: : Candidates for governor and vice governor shall meet the following set criteria:
a) born in the Arakan State from an ethnic Arakanese family.

b) has not committed crimes and is of good character,
c) age of thirty-five or over,
d) educator; or has sacrificed for his/her national interests.

## Part 6.

## Legislative Power

Article 1: : The legislative body shall be formed from the Senate and the House and it shall be called the Congress of Arakan State.

Article 2:

a) Upon taking an oath, representatives for Senate and House shall not have any other responsible jobs.
b) Seats of representatives shall be vacant until another election takes place wherein the representative cannot function in his work or is removed from office, either by law or by their own consent.
c) The vice governor of the state shall be the speaker of the Senate.

Article 3:

a) Congress shall be vested with the power to call executive department's nominees for hearing and to approve the nominees for office.
b) The State shall not arrest, detain, question, prosecute, or use evidence against any person who testifies or presents evidence in the Congress during the hearing.
c) Congress shall have its own security unit in the Congress compound to provide security and to protect persons.

Article 4: : Congress shall have impeachment power against the governor and vice governor wherein and whenever he or she is found to be in violation of the constitution and substantial laws. Further punishments shall be served by the offendtr(s) according to all applicable laws within the court's jurisdiction and at appropriate venue(s).

Article 5: : Representatives for Senate shall be elected from the ethnic people and their said constituencies. The Senator elect shall serve in Congress for five years.

Article 6: : Representatives for House shall be elected from people's constituencies. The representatives elect shall serve in the Congress for two years.

Article 7: : Candidates for Senate shall meet the following set criteria:

a) born in the Arakan State from an ethnic Arakanese family,
b) has not committed crimes and is of good character,
c) age of twenty-seven or over,
d) educator or has sacrificed his/her own interests for those of the state.

Article 8: : Candidates for House shall meet the following set criteria:

a) born in the Arakan State from an ethnic Arakanese family (or) citizen of the Arakan State,
b) has not committed crimes and is of good character,
c) age of twenty-seven or over,
d) educator or has sacrificed his/her own interests for those of the state.

Article 9: : Congress shall remove any representative who is found to have committed a crime from office by secret vote in the Congress. Further punishments shall be served by the offender(s) according to all applicable laws within the court's jurisdiction and at appropriate venue(s).

Article 10: : Congress shall release any legislation and decision passed in the session within twenty four hours.

## Part 7

## Judicial

Article 1; : Judicial power shall be independently vested in the Supreme Court judges. The supreme court shall be formed with (—) judges. The said judges shall be selected by the governor. The nominees shall be called by the Senate for hearing, and upon approval from the Senate, the governor shall hire the judge(s).

Article 2: :

a) District courts, circuit courts, county courts, city courts and village courts shall be formed independently with the local government's jurisdiction.
b) The state's general attorney and a chief of state-police shall be appointed by the governor and shall have approval from the Senate.
c) The Senate shall have the power to disqualify the nominees for general attorney, chief of state-police and judges.
d) Upon disqualification of a nominee for general attorney, chief of state-police or judges, the governor shall have authority to replace said nominee.

Article 3: :

a) The service of the judge shall be for a lifetime term.
b) Whereas the judges are found in violatioa of laws, the judicial committee of Senate shall investigate and have power to remove the judges from office. Further punishments shall be served by the offender(s) according to all applicable laws within the court's jurisdiction and at appropriate venue(s).
c) The replacement of the removed judge shall be nominated by the governor for Supreme Court, and by the appropriate local authority for local courts.

## Part 8

## State Government Administration

Article 1: : The formation of state administration and departments shall be put in the hands of the governor and shall form the following departments:

1) Secretary of State
2) Secretary of Education and Health
3) General Attorney
4) Secretary of Economics and Environment
5) Secretary of Transportation, Communication, and Housing
6) Secretary of Energy and Industry
7) Secretary of Forestry, Fishery, and Agriculture
8) Secretary of Treasury and Custom
9) Secretary of National Guard